ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ<br>မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂။<br>မလုပ်<br>သော | يَا أَيُّهَا الَّذِينَ آمَنُوا لِمَ تَقُولُونَ مَا لَا تَفْعَلُونَ<br>အို ယုံကြည်သော သူတို့၊ သင်တို့ မပြုလုပ်သော အရာကို အဘယ်ကြောင့် ပြောဆိုကြသနည်း။ |
| ၃။ | كَبُرَ مَقْتًا عِندَ اللَّهِ أَن تَقُولُوا مَا لَا تَفْعَلُونَ<br>မပြုလုပ်သည်အား ပြောဆိုခြင်းသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ ကြီးကျယ်သော ရွံမုန်းဘွယ် ဖြစ်၏။[၁၀၅၀] |
| ၄။ | إِنَّ اللَّهَ يُحِبُّ الَّذِينَ يُقَاتِلُونَ فِي سَبِيلِهِ صَفًّا كَأَنَّهُم بُنيَانٌ مَّرْصُوصٌ<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အစီအစဉ်ဖြင့် ခုခံတော်လှန်သော သူများကို အရှင်သည် နှစ်သက်တော်မူ၏။ သင်တို့သည် မဟာဗျူဟာမြောက် အဆောက်အအုံကဲ့သို့ ဖြစ်သင့်၏။ |
| ၅။ | وَإِذْ قَالَ مُوسَى لِقَوْمِهِ يَا قَوْمِ لِمَ تُؤْذُونَنِي وَقَد تَّعْلَمُونَ أَنِّي رَسُولُ اللَّهِ إِلَيْكُمْ فَلَمَّا زَاغُوا أَزَاغَ اللَّهُ قُلُوبَهُمْ وَاللَّهُ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ<br>မူဆာက သူ့လူမျိုးတို့အား "အို– ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံသို့ ပရမတ်ဘုရားရှင်၏ ဥဒဏ်စဉ်တော်ဆောင် ဖြစ်သည်ကို မုချ သိနေပါလျှက်– အဘယ်ကြောင့် ကျွန်ုပ်အား ထိခိုက်နစ်နာစေသနည်း၊"ဟု ပြော၏။ သို့သော် သူတို့ တိမ်းပါးနေကြစဉ်၊ ပရမတ်ဘုရားရှင်သည် သူတို့၏ နှလုံးသားကို တိမ်းပါးစေ၏၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော်မမူချေ။[၁၀၅၁] |
| ၆။ | وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَا بَنِي إِسْرَائِيلَ إِنِّي رَسُولُ اللَّهِ إِلَيْكُم مُّصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَمُبَشِّرًا بِرَسُولٍ يَأْتِي مِن بَعْدِي اسْمُهُ أَحْمَدُ فَلَمَّا جَاء هُم بِالْبَيِّنَاتِ قَالُوا هَذَا سِحْرٌ مُّبِينٌ<br>မာရိ၏သား ယေရှုက "အို ဂျူးလူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံသို့ ပရမတ်ဘုရားရှင်၏ ဥဒဏ်စဉ်တော်ဆောင် ဖြစ် |

(၁၀၅၀) လူသားသည် သဘာဝအားဖြင့် အကြွားသန်သော ဇာတိရှိပေသည်။ အစ္စလာမ်သာသနာက မိမိလက်တွေ့မပြုလုပ်ဘဲလျှက် ပြုလုပ်လေဟန်ဖြင့် ကြွားဝါပြောဆိုခြင်းများကို တားမြစ်ထားပေသည်။ ဤဥပဒေအရကြည့်လျှင် ယုတ်စွအဆုံး– လင်မယား ကွာရှင်းမှုတွင်ပင် တစ်ကြိမ်တစ်ခါ စိတ်လိုက်မာန်ပါ ကွာရှင်းမိသည်ကို သုံးကြိမ်ဖြစ်သည်ဟု အမှန်တကယ် လက်တွေ့ မပြုလုပ်သည်ကို ပြုလုပ်လေဟန် ပြောဆိုခြင်းသည် တရားမဝင်ချေ။ သို့ဖြစ်၍ အစ္စလာမ် ခေါင်းစဉ်အောက်၌ ခိုလှုံပြီးသား မိမိကိုယ်မိမိ မွတ်ဆလင်ဟု ခံယူထားသူများကိုပင်– ယုံကြည်မှုဘက်ဆီသို့ သို့မဟုတ် လက်တွေ့ လိုက်နာကျင့်သုံးမှုဘက်ဆီသို့ ထပ်ပြန်တလဲလဲ ချည်းကပ်တိုးဝင်ရန် ပြောဆိုထားပေသည်။ ၄၉း၁၄

(၁၀၅၁) ဤသုတ်တော်မှ ပြောဆိုသော လမ်းကြောင်းပြောင်းသည် ဆိုခြင်းမှာ ကောင်းမှုဘက်မှ မကောင်းမှုဘက်သို့ ဦးတည်လမ်းကြောင်း ပြောင်းခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ၏။ သင်တို့၏ လက်ရှိ–မျက်မှောက် တိုရာကျမ်းကို ဖြောင့်မှန်စေ၍၊ ကျွန်ုပ်၏နောက် ပွင့်ပေါ်မည့် **မေတ္တာရှင်** မည်သော ဥဏ်စဉ်တော်ဆောင် အကြောင်း သတင်းကောင်းကို ပါး၏၊”ဟု ဆို၏။ သို့သော် သူသည် သူတို့ထံ ရှင်းလင်းချက်များနှင့် ရောက်လာစဉ်၊ သူတို့က “ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်သာ ဖြစ်၏၊”ဟု ပြောကြ၏။[၁၀၅၂] |
| ၇။ | **وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللَّهِ الْكَذِبَ وَهُوَ يُدْعَى إِلَى الْإِسْلَامِ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ۞**<br>အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ခံရပါလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်ညာ လုပ်ကြံဖန်တီးသူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း။ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော် မမူချေ။ |
| ၈။ | **يُرِيدُونَ لِيُطْفِؤُوا نُورَ اللَّهِ بِأَفْوَاهِهِمْ وَاللَّهُ مُتِمُّ نُورِهِ وَلَوْ كَرِهَ الْكَافِرُونَ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော်အား သူတို့၏ ပါးစပ်များဖြင့် မှုတ်ငြိမ်းလိုကြ၏။ ဖုံးကွယ်သူတို့သည် မည်မျှပင် မုန်းတီးငြားသော်လည်း ပရမတ်ဘုရားရှင်သည် အရှင်၏ ရောင်ခြည်တော်အား ပြည့်စုံစေလတ္တံ့။[၁၀၅၃] |
| ၉။ | **هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَلَوْ كَرِهَ الْمُشْرِكُونَ۞**<br>အရှင်သည် အရှင်၏ ဥဏ်စဉ်တော်ဆောင်အား လမ်းညွှန်တော်၊ မှန်ကန်သော သာသနာတော်ဖြင့် စေစားသော အရှင်ဖြစ်၏။ ရောပွန်းကိုးကွယ်သူတို့ မုန်းတီးသော်လည်း ၎င်းသည် သာသနာအားလုံးအပေါ်၌ ဖုံးခြာဖြစ်စေလတ္တံ့။ |
| ၁၀။ | **يَا أَيُّهَا الَّذِينَ آمَنُوا هَلْ أَدُلُّكُمْ عَلَى تِجَارَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ۞**<br>အို ယုံကြည်သောသူတို့၊ သင်တို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးမှ လွတ်မြောက်စေမည့် ရောင်းဝယ်ခြင်းကို ငါ ညွှန်ပြရမည်လော။ |
| ၁၁။ | **تُؤْمِنُونَ بِاللَّهِ وَرَسُولِهِ وَتُجَاهِدُونَ فِي سَبِيلِ اللَّهِ بِأَمْوَالِكُمْ وَأَنفُسِكُمْ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞**<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဏ်စဉ်တော်ဆောင်အား ယုံကြည်ကြလော့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သင်တို့၏ ဥစ္စာပစ္စည်း ဉာဉ်စရိုက်များဖြင့် အားစိုက်ဆောင်ရွက်လော့၊ ဤသည် သင်တို့အတွက် ပိုကောင်း၏၊ သင်တို့ သိကြပါလေစ။ |
| ၁၂။ | **يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ ذَلِكَ الْفَوْزُ الْعَظِيمُ۞**<br>သင်တို့၏ အပြစ်များမှ လွတ်ငြိမ်းစေ၍ သင်တို့အား အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်ရောက်စေလတ္တံ့။ ထိုထာဝရ ဥယျာဉ်များ၌ စင်ကြယ်သော အခြေချရာတို့သည် ရှိ၏။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။ |
| ၁၃။ | **وَأُخْرَى تُحِبُّونَهَا نَصْرٌ مِّنَ اللَّهِ وَفَتْحٌ قَرِيبٌ وَبَشِّرِ الْمُؤْمِنِينَ۞** |

---

**(၁၀၅၂)** ဤနေရာ၌ ကိုယ်တော်ယေရှုက ကျွန်ုပ်တို့အား သူ၏နောက်တွင် မေတ္တာရှင် (အဟာမဒ်) မည်သော ဥဏ်စဉ်တော်ဆောင်တစ်ပါး ပွင့်ပေါ်ဦးမည့် သတင်းကောင်းကို ပေးထားပေသည်။ နောက်ဆုံးပွင့် ဖြစ်သော ကိုယ်တော်သည် မုဟမ္မဒ်၊ အဟာမဒ် ဟူသော အမည်နာမနှစ်မျိုးဖြင့် ကျော်ဇောကြောင်း သမိုင်းတွင် ဖျောက်ဖျက်၍ မရပေ။ အာရ်ဗီဝေါဟာရ မုဟမ္မဒ်နှင့် အဟာမဒ်မှာ ရင်းမြစ်စကားလုံး ဟမဒ (ဟမ်ဒွန်) မေတ္တာပို့ခြင်း၊ ရန်သန်စူးစိုက်ခြင်း၊ ချီးကျူးခြင်း၊ ချစ်ခင်မြတ်နိုးအပ်ခြင်း ဆိုသည်မှ ဆင့်ပွားခြင်း ဖြစ်ကြောင်း အာရ်ဗီစာပေ တတ်မြောက်သူတိုင်း သိနားလည်ပြီး ဖြစ်ပေသည်။ ဤသုတ်တော်မှ ပြောဆိုသော အဟာမဒ် (မေတ္တာရှင်) ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ပင် ဖြစ်ကြောင်း နောက်ဆက်ဖော်ပြပါသုတ်တော်မှ “အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်သည်၊”ဟူသော စကားလုံးက ခိုင်မာစွာ သက်သေပြလျက် ရှိနေပေသည်။ (အောက်ခြေ ၁၀၅၄ တွင် ဆက် ကြည့်ပါ)

**(၁၀၅၃)** ဤသုတ်တော်တွင် ပရမတ်ဘုရားရှင်၏ ချမှတ်ပေးသော ဒေသနာ ရောင်ဝါ အစစ်အမှန်ဖြစ်သည့် အစ္စလာမ်သာသနာအား မလိုမုန်းထားသူများက ဝါဒဖြန့်ခြင်း၊ ပုံပြင်ဒဏ္ဍာရီများ ဖန်တီးခြင်း၊ သမိုင်းမှားများ ဇတ်လမ်းဆင်ခြင်း ပုတ်ခတ်ပြောဆိုခြင်း စသည့် နည်းမျိုးစုံဖြင့် မှေးမှိန်အောင် ကျိုးပန်းဆောင်ရွက်နေကြောင်းကို ပြောဆိုထားပြီး၊ မည်သူက မည်မျှပင် ကြိုးပန်းအားထုတ်သော်လည်း ပရမတ်ဘုရားရှင်၏ ဒေသနာ ရောင်ဝါ အစစ်ဖြစ်သော အစ္စလာမ်သာသနာသည် ထွန်းတောက်လင်းဝင်းလာမည်သာ ဖြစ်ကြောင်း တိကျသေချာသော ကတိတော်ကို ပေးထားပေသည်။

| | |
|---|---|
| | သင်တို့အား နှစ်သက်စေသော အခြားတစ်ခုမှာ၊ ပရမတ်ဘုရားရှင်၏ အကူအညီနှင့် ထွက်ပေါက်သည် နီးကပ်လာချေပြီ။ ယုံကြည်သူများအတွက် သတင်းကောင်းကို ပါးလော့။ |
| ၁၄။<br><br><br>☆၃း၅၂ | يَا أَيُّهَا الَّذِينَ آمَنُوا كُونوا أَنصَارَ اللَّهِ كَمَا قَالَ عِيسَى ابْنُ مَرْيَمَ لِلْحَوَارِيِّينَ مَنْ أَنصَارِي إِلَى اللَّهِ قَالَ الْحَوَارِيُّونَ نَحْنُ أَنصَارُ اللَّهِ فَآمَنَت طَّائِفَةٌ مِّن بَنِي إِسْرَائِيلَ وَكَفَرَت طَّائِفَةٌ فَأَيَّدْنَا الَّذِينَ آمَنُوا عَلَى عَدُوِّهِمْ فَأَصْبَحُوا ظَاهِرِينَ ۝<br>အို ယုံကြည်သော သူတို့၊ သင်တို့သည် ဤသို့ ပရမတ်ဘုရားရှင်၏ ကူညီသူများ ဖြစ်ကြကုန်လော့၊– မာရိ၏သား ယေရှုက ဝတ်ရုံဖြူတို့အား☆ "ပရမတ်ဘုရားရှင်အတွက် မည်သူသည် ကျွန်ုပ်အတွက် အကူဖြစ်သနည်း၊"ဟု မေးသော်၊ ဝတ်ရုံဖြူများက "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ ကူညီသူများ ဖြစ်ကြပါ၏၊"ဟု ပြန်ပြောကြ၏။ သို့ဖြင့် ဂျူးလူမျိုးမှ တစ်စုသည် ယုံကြည်ကြ၍၊ တစ်စုသည် ဖုံးကွယ်မှောင်ချကြ၏။ ငါအရှင်သည် ယုံကြည်သော သူတို့အား ထောက်ပံ့ပေး၍ သူတို့အပေါ် စည်းဖေါက်သူများ ထက် ပေါ်ပြူလာ ဖြစ်လာကြ၏။[၁၀၅၆] |

---

**(၁၀၅၆)** ကိုယ်တော်ယေရှုသည် ကမ္ဘာလူသားအားလုံး အတွက် လမ်းပြကယ်တင်ရန် ပွင့်ပေါ်လာခဲ့ခြင်း မဟုတ်ချေ။ ဂျူးလူမျိုးများအား ပြုပြင်ပြောင်းလဲရန် ပွင့်ပေါ်ခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့အတွက် သူပြောလိုသော စကားများကို သူ ပွင့်ပေါ်စဉ်ကာလ၌ ပြောဆိုရန် အချိန်မဟုတ်သေး နောက်တစ်ပါး ထပ်မံပွင့်ပေါ်၍ ပြောလိမ့်မည်ဟု ပြောဆိုခဲ့ပေသည်၊ ဓမ္မသစ် ရှင်ယောဟန် ၁၆း၁၂။ ဤနေရာ၌ ရှင်းလင်းရန် ရှိသည်မှာ– ကိုယ်တော် ယေရှုသည် မေတ္တာရှင် (အဟာမဒ်) ပွင့်ပေါ်ဦးမည်ဟု အမှန်တကယ် ပြောဆိုခဲ့သလောဟူသည်ပင်။ ထိုအတွက် အဖြေသည်ကား အမှန်တကယ် ပြောဆိုခဲ့၏၊ သို့သော် လက်ရှိ သမ္မာကျမ်းစာ ဘာသာပြန်များတွင် အဟာမဒ်ဟူသော အမည်နာမကို ဖေါ်ပြခြင်း မရှိတော့ဘဲ၊ ဂရိမှတ်တမ်း သမ္မာကျမ်း၌ **Paraclete** ဟုလည်းကောင်း၊ အင်္ဂလိပ်ဘာသာပြန်များ၌ **Comforter** ဟုလည်းကောင်း ထိုဂရိ အင်္ဂလိပ်တို့မှ ပြန်လည်၍ ဘာသာပြန်ထားသော အာရ်ဗီစာဖြင့် သမ္မာကျမ်းစာ၌ **မုအဇ္ဇီးရ်**ဟု လည်းကောင်း မြန်မာ ဘာသာပြန်၌ **ဥပဇ္ဈာယ်ဆရာ**ဟုလည်းကောင်း ဖေါ်ပြထားပေသည်၊ ရှင်ယောဟန် ၁၄း၁၆။ သို့သော် ခရစ်ယာန်များက ထိုဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားမဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်သာ ဖြစ်သည်ဟု ပြောဆိုလေ့ရှိပေသည်။ ထိုသန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာကျမ်းအား သီကုံးရေးသားသော ကျမ်းပြုဆရာများအား ကိန်းဝပ်သက်ဝင်လျှက် သမ္မာကျမ်းကို ရေးသားစေသည်ဟုလည်း အချို့က ဆိုကြပေသည်။

သို့သော် ထိုဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်ကြောင်း ရှင်ယောဟန် ၁၆း၈ တွင် "ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင်၊ ဒုစရိုက် အပြစ်ကိုရှင်း၊ အပြစ်ကင်းခြင်းကိုရှင်း၊ အပြစ်စီရင်ခြင်းကိုရှင်း၊ လောကီသားတို့အား ထင်ရှားစွာ ဖေါ်ပြမည်၊" ဟုလည်းကောင်း၊ ၁၆း၁၂ တွင် သင်တို့အား ငါ ပြောစရာ စကား အများရှိသော်လည်း၊ သင်တို့သည် ယခု မခံနိုင်ကြ၊ သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျှောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သော အရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်။ **ထိုသူသည်** ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။" ဟု ဆိုထားပေသည်။ ဝိညာဉ်တော် သို့မဟုတ် ဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း **ထိုသူသည်** ဟူသော စကားလုံးက အတိအကျ သက်သေခံလျှက် ရှိပေသည်။

ထို့ပြင် ကိုယ်တော် ယေရှုကိုယ်တိုင်က "ငါ ပြောစရာ စကား အများရှိသော်လည်း သင်တို့သည် ယခု မခံနိုင်ကြ၊"ဟု ပြောဆိုထားသည်မှာ သူ သွန်သင်ခဲ့သော သွန်သင်မှုများမှာ ယခုပြည့်စုံမှု မရှိသေးဟု ရိုးရိုးရှင်းရှင်း ပြောဆိုထားခြင်းပင်။ "ထိုဥပဇ္ဈာယ်ဆရာ ရောက်လာမှ သမ္မာတရားတော်ကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်"ဟု တိတိကျကျ ပြောထားပေသည်။ ကမ္ဘာပေါ်ရှိ ဘာသာရေး ကျမ်းများတွင် ဥပဒေရှုဒေါင့်မှ ပြည့်စုံ လုံလောက်သည်ဟု တရားဝင် အာမခံထားသော ကျမ်းမှာ ကိုယ်တော်မုဟမ္မဒ်အားဖြင့် ပြဋ္ဌာန်းပေးသော ကျမ်းမြတ်ကုရ်အာန်သာ ဖြစ်ပေသည်။– ထို့ပြင် သူသည် အလိုအလျှောက် ပြောမည်မဟုတ်၊ ကြားသမျှကိုသာ ပြောလိမ့်မည်ဟု ဆိုစကားသည် တရားဟောရာကျမ်း ၁၈း၁၈ ပါ "ထိုပရောဖက် နှုတ်၌ ငါ့စကားကို အပ်သဖြင့် ငါမှာထားသမျှကို သူတို့အား ဆင့်ဆိုလိမ့်မည်၊"ဟုသော စကားဖြင့် အတူတူပင် ဖြစ်ပေသည်။ ထို့ကြောင့် ဥပဇ္ဈာယ် ဆရာ ဆိုသည်မှာ ထိုပရောဖက်ဖြစ်ကြောင်း လုံးဝ ထင်ရှားနေပေသည်။

နောက်ဆုံးအနေဖြင့် "ဝိညာဉ်တော်" ဆိုသည်ကို "သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်"ဟု ဆိုထားပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ ၁၇း၈၁ တွင် ကိုယ်တော်မုဟမ္မဒ်အား "သမ္မာတရား သို့မဟုတ် သစ္စာတရား"ဟု အတိအကျ ဆိုထားပေသည်။

ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်ယေရှု အပါအဝင် မည်သည့် သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်ကိုမျှ ပြစ်တင်ရှုံ့ချလျှက် တရားသစ်ကို တီထွင်ထားခြင်း မရှိချေ။ နောက်ပေါက် ဘာသာရေး လူတန်းစားတို့၏ တရားတော်စစ်အား ဖျက်ဆီးလိုက်ပုံများကို ထောက်ပြခြင်းဖြင့် ဉာဏ်စဉ်တော်ဆောင်တို့၏ သိက္ခာကို ပြန်လည်မြှင့်တင်ပေးခြင်းသာ ရှိပေသည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင် ဖေါ်ပြထားသော ဥပဇ္ဈာယ်ဆရာ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ် (အဟာမဒ်)သာ ဖြစ်သည် ဆိုခြင်းမှာ အငြင်းပွား၍ မရနိုင်တော့ပေ။